# စလွန်းကျေးရွာ
# မြိတ်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၃)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စလွန်းကျေးရွာ၊ မြိတ်မြို့နယ်
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် -
LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **စလွန်းကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်** | ၅ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၆ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း | ၇ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၈ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၉ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၉ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၉ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၀ |
| ၆။ | **ပညာရေး** | ၁၀ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၁ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၁ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၂ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၃ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၆ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၇ |
| | နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၂ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၁ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၃ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၅ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ ကျေးရွာ၏ လူထုအများစုပေါင်းပါဝင် ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိ ဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဩဂုတ်လ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
စလွန်းကျေးရွာ
မြိတ်မြို့နယ်

## စလွန်းကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

စလွန်းကျေးရွာသည် စလွန်းကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင် ပါဝင်ပြီး မြောက်လတ္တီကျူ ၁၂ ဒီဂရီ၊ ၂၁ မိနစ်၊ ၁၈ စက္ကန့်နှင့် ၉၁ ဒီဂရီ၊ ၄၄မိနစ်၊ ၂၂ စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျူ ၁၂ ဒီဂရီ၊ ၂၁ မိနစ်၊ ၃၈ စက္ကန့်နှင့် ၉၈ ဒီဂရီ၊ ၄၅ မိနစ် ၄၉ စက္ကန့်အကြားတွင် တည်ရှိပါသည်။ အရှေ့မှ အနောက်သို့ (၂.၅၀) မိုင်နှင့် တောင်မှမြောက်သို့ (၁.၄) မိုင် ရှည်လျားပြီး ဧရိယာမှာ (၃.၄၁၀) စတုရန်းမိုင် ကျယ်ဝန်းပါသည်။ စလွန်းကျေးရွာ၏အရှေ့ဘက်တွင် ပသောင်းကျေးရွာနှင့် မင်းသန်းကျေးရွာအုပ်စု၊ အနောက်ဘက်တွင် ကဟန်းကျေးရွာအုပ်စု၊ တောင်ဘက်တွင် ပသောင်းကျေးရွာအုပ်စု၊ တောင်ပုလဲကျေးရွာ၊ တက်လက်ငယ်ကျေးရွာ စသည်တို့နှင့် ထိစပ်နေပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

စလွန်းကျေးရွာအုပ်စုသည် ပူအိုက်စွတ်စိုသော ရာသီဥတုရှိပြီး၊ အမြင့်ဆုံးပူချိန် (၃၈) ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၂) ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ စလွန်းကျေးရွာအုပ်စု၏ အမြင့်ဆုံးမိုးရေချိန်မှာ (၁၈၅.၃၉) လက်မဖြစ်ပြီး အနိမ့်ဆုံးမိုးရေချိန်မှာ (၁၀၃.၉၂) လက်မဖြစ်ပါသည်။ နွေရာသီတွင်အမြင့်ဆုံးအပူချိန်မှာ ၃၆.၅ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၃၅.၅ ဒီဂရီစင်တီဂရိတ် ဖြစ်ပါသည်။ ဆောင်းရာသီတွင် အမြင့်ဆုံးအပူချိန်မှာ ၂၀.၅ ဒီဂရီစင်တီဂရိတ်နှင့် အနိမ့်ဆုံးအပူချိန်မှာ ၁၄.၅ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ပါသည်။ စလွန်းကျေးရွာတွင် သဘာဝအလျောက် ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ကညင်၊ ဥပ္ပယ်၊ လေသရက်၊ တောရှောက်မြစ်၊ တကူ၊ သစ်ယာ၊ ပိတောက်၊ သင်္ကန်းနှင့် အခြားသစ်မျိုးများ ပေါက်ရောက်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စလွန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု အခြေအနေမှာ ကောင်းမွန်ပါသည်။ ကျေးရွာ၏ လူမှုရေး၊ ပညာရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် ရည်ရွယ်၍ အုပ်ချုပ်ရေးအဖွဲ့၊ ဝေါပကအဖွဲ့၊ မေတ္တာမျိုးဆက်ပရဟိတအဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ ကာလသား/သမီးအဖွဲ့၊ အိမ်ထောင်ငယ်အဖွဲ့၊ မိန်းမကြီးအဖွဲ့နှင့် မြစိမ်းရောင်ကော်မတီ စသည်ဖြင့် အဖွဲ့အစည်းများကို ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အားကောင်းလျက်ရှိပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်း ပါဝင်ကာ ရွေးချယ်ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊

ပြင်ပအဖွဲ့အစည်းများ နှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ ကျေးရွာတွင်ပြင်ပအဖွဲ့အစည်း ဖြစ်သည့် Unicef အဖွဲ့ တစ်ခုသာရှိသည့်အတွက် အခြားသော ကဏ္ဍများ ဖွံ့ဖြိုးရေးအတွက် လုပ်ဆောင်ပေးနေသည့် ကျန်ရှိသော အဖွဲ့များအား ချိတ်ဆက် လုပ်ဆောင်ရန် လိုအပ်နေ ပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

စလွန်းကျေးရွာတွင် အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါး၊ ကွမ်းသီးဖြစ်ပြီး ရော်ဘာကို လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားရှိပါသည်။ စိုက်ပျိုးသည့် လယ်ယာမြေများသည် မြေဆီ လွှာများ ပျက်စီးခြင်း၊ သီးနှံအထွက်နှုန်းနည်းခြင်း၊ ဆားငန်ရေ ဝင်ရောက်ခြင်း၊ သီးနှံပိုးမွှား ရောဂါကျရောက်ခြင်းများရှိသည့်အတွက် ဈေးကွက်မမီသည့် သီးနှံများ ထုတ်လုပ်မှုဖြစ်ပေါ် လျက် ရှိပါသည်။ ရော်ဘာဈေးနှုန်းသည် ကျဆင်းလျက်ရှိသည့်အတွက် အခက်အခဲများ ဖြစ်နေပါသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူ အများစုသည် ကိုယ်ပိုင်စက်ကိရိယာများဖြင့် လုပ်ကိုင်ကြပြီး ဆင်းရဲသားတောင်သူငယ်များမှာ လယ်ယာသုံး စက်ကိရိယာများကို ငှားရမ်း လုပ်ကိုင်ကြပါသည်။

သီးနှံထုတ်လုပ်မှုအတွက် အဓိကပြဿနာမှာ စိုက်ပျိုးမြေမတိုးချဲ့နိုင်ခြင်း၊ စိုက်ပျိုး ရေ အလုံအလောက်မရရှိခြင်း၊ ပိုးမွှားရောဂါ ကျရောက်မှု အများဆုံးဖြစ်ပေါ်ပါသည်။ သီးနှံ မျိုးစေ့ရရှိနိုင်မှု၊ သဘာဝမြေဆွေး/အော်ဂဲနစ်သွင်းအားစုများ၊ ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေ ဩဇာနှင့် အခြားဓာတုဗေဒ သွင်းအားစုများ အလွယ်တကူ မရရှိသည့်အတွက် မျိုးကောင်း မျိုးသန့်များရရှိနိုင်သည့် နေရာများအား ချိတ်ဆက်ဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးနည်းပညာ ပေး သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်လျက် ရှိပါသည်။

### (ခ) မွေးမြူရေးနှင့် ငါးလုပ်ငန်း

စလွန်းကျေးရွာတွင် C P ကြက်မွေးမြူရေး ပြုလုပ်သည့် အိမ်ထောင်စု အနည်းငယ် ရှိပါသည်။ အများစုမှာ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ တို့ကို တစ်ပိုင်တစ်နိုင် မွေးမြူသည့် အိမ်ထောင်စုများ ဖြစ်ကြပါသည်။ အချို့အိမ်ထောင်စုများမှာ စီးပွားဖြစ်မွေးမြူသော်လည်း ဈေးကောင်း မရရှိသည့်အတွက် ကျေးရွာတွင်သာ ရောင်းချကြခြင်း၊ မျိုးကောင်းမျိုးသန့်များ ရရှိရန် လိုအပ်လျက် ရှိပါသည်။ တိရစ္ဆာန်ရောဂါကျရောက်မှုရှိသည့်အတွက် မွေးမြူရေးနှင့် နည်းပညာဆိုင်ရာ ဗဟုသုတ တိုးတက်လာစေရန် နည်းပညာဝန်ဆောင်မှုနှင့် သင်တန်းများ လုပ်ဆောင် ပေးနိုင်ပါက စီးပွားဖြစ် မွေးမြူလာနိုင်ကြပါမည်။ စလွန်းကျေးရွာတွင် ကမ်းနီး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများလည်း ရှိပါသည်။

မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် အခွင့်အလမ်းများမှာ သွင်းအားစုများ၊ မျိုးကောင်းတိရစ္ဆာန်များကို အသင့်အတင့် ဝယ်ယူရရှိနိုင်ပါသည်။ အခက်အခဲများမှာ စားကျက်မြေ ရှားပါးခြင်း၊ ရေအလုံအလောက်မရှိခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ဆောင်မှုများ အလွယ်တကူ မရရှိနိုင်ခြင်း၊ ချေးငွေများ အလွယ်တကူ မရသည့်အပြင် အတိုးနှုန်း ကြီးစွာဖြင့် ချေးငှားရခြင်း၊ သွင်းအားစုများကိုလည်း အလွယ်တကူ မဝယ်ယူနိုင်ခြင်း၊ ထုတ်ကုန် ရောင်းဝယ်မှုများတွင်လည်း ဈေးကွက်မမီခြင်းများ ရှိနေပါသည်။ မွေးမြူရေးနှင့် သက်ဆိုင်သော နည်းပညာပေးသင်တန်းများ၊ မျိုးကောင်းမျိုးသန့်ရရှိနိုင်သည့် နေရာများနှင့် ကာလရှည် ချေးငွေ ထုတ်ချေးပေးနိုင်မည့် အစီအစဉ်များ ရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်လျက် ရှိပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

စလွန်းကျေးရွာတွင် စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရလုပ်ငန်းများမှာ အပ်ချုပ်သမား၊ လက်ဖက်ရည်ဆိုင်၊ ကုန်စုံဆိုင်၊ လက်သမား၊ ပန်းရံ စသည်တို့ဖြင့် လုပ်ကိုင်ကြပါသည်။ ဥယျာဉ်ခြံများတွင် အငှားလိုက်လုပ်သူ လယ်ယာစိုက်ပျိုးရေးတွင် အငှားလုပ်သူ စသည့် ကျပန်းလုပ်ငန်း လုပ်ကိုင်သူလည်း များပြားပါသည်။ အလုပ်အကိုင် အခွင့်အလမ်းမှာ နည်းပါးပြီး ကျွမ်းကျင်လုပ်သား ရှားပါးပါသည်။ ကျေးရွာတွင် မီးကြိုးနှင့် ဓာတ်မီးတိုင်များ ရောက်ရှိနေပြီး လျှပ်စစ်မီး ရရှိလာခဲ့ပါက တစ်ပိုင်တစ်နိုင် လုပ်ငန်းငယ်များ ပိုမိုတိုးတက် လုပ်ဆောင်လာနိုင်ပါမည်။

စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ၏ ပြဿနာမှာ လုပ်သားအင်အား ရှားပါးခြင်း၊ အခြားဒေသထွက်ကုန်များမှာလည်း ဈေးကွက်မရှိခြင်း စသည်တို့ ဖြစ်ပါသည်။ ကျေးရွာတွင် (၂၀%) အတိုးနှုန်းကြီးမြင့်စွာဖြင့် မိသားစု စားဝတ်နေရေးအတွက် ချေးယူနေရသည့်အတွက် ကာလရှည်ချေးငွေများ ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိပါသည်။ အဆင်ပြေသည့် အိမ်ထောင်စုများမှ သားသမီးများသာ အသက်မွေးဝမ်းကျောင်းပညာများ သင်ယူနိုင်သည့် အခွင့်အရေးရှိပြီး ဆင်းရဲသည့်မိသားစုများအတွက် အခွင့်အရေး နည်းပါးပါသည်။ ထို့ကြောင့်ကျေးရွာတွင်ရှိသော လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းပညာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးရန် လိုအပ်နေပါသည်။

## (င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

စလွန်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် တောင်သူလယ်သမားများထံမှ အပေါင်ခံပစ္စည်း ပုံစံ (၇) ရှိမှသာ ချေးငွေများကို ကာလလတ်ချေးငွေဖြင့် ချေးပေးလျက်ရှိပါသည်။ အချို့တောင်သူများမှာ ပုံစံ (၇) ရရန် အခက်အခဲများရှိသည့်အတွက် ချေးငွေရယူ

ခြင်း မရှိသည်များ ရှိပါသည်။ သမဝါယမချေးငွေသည်လည်း အသင်းဝင်ထားသည့် သူများသာ ချေးသည့်အတွက် အသင်းဝင်ထားခြင်းမရှိသူများ ချေး၍မရသည်များ ရှိပါသည်။ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်စီမံကိန်းဖြင့် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများရရှိပါသည်။ အများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက် များပြားနေပါသည်။ အရေးပေါ်ကိစ္စများနှင့် ကြုံသည့်အချိန်တွင် ကျေးရွာတွင် ငွေချေးသူများနှင့် မိတ်ဆွေ၊ ဆွေမျိုးများမှာလည်း အတိုးနှုန်းကြီးစွာဖြင့် ချေးယူနေရသည့်အတွက် ကာလရှည်ချေးငွေများ ထုတ်ချေးပေးရန် လိုအပ်နေပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

စလွန်းကျေးရွာတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်များနှင့် ကားကိုသာ အဓိကထား အသုံးပြုပါသည်။ ဆိုင်ကယ်စီးရေမှာ (၇၁) စီး ရှိပါသည်။ ထော်လာဂျီ (၆) စီးနှင့် ကား (၁) စီးရှိပြီး ရွာ၏ကုန်းလမ်း သယ်ယူပို့ဆောင်ရေးကို အဓိက လုပ်ဆောင်ကြပါသည်။ ရေကြောင်း သယ်ယူပို့ဆောင်ရေးကို အသုံးပြုသူနည်းပြီး လှေ၊ စက်လှေတို့ဖြင့် တံငါလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

ကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်းများဖြစ်ပြီး သွားလာရခက်ခဲခြင်း၊ လမ်းပျက်စီးခြင်းများ ဖြစ်ပေါ်နေပါသည်။ ထို့ကြောင့် ကျေးရွာတွင်း လမ်းများအား ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ စလွန်း-အနောက်မင်းသန်း ကျေးရွာချင်းဆက်လမ်းများသည်လည်း မြေသားလမ်းများဖြစ်သည့်အတွက် ပျက်စီးနေပြီး ပြုပြင်ရန် လိုအပ်နေပါသည်။ ကွန်ကရစ်တံတား (၁) စင်းရှိပြီး ယခုလက်ရှိ အခြေအနေထိ ကောင်းမွန်ပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

စလွန်းကျေးရွာတွင် ဒီဇယ်အင်ဂျင်ဖြင့် မီးပေးဝေထားမှုရှိသော်လည်း ညနေ (၆) နာရီမှ ည (၁၀) နာရီအထိ သုံးစွဲမှုအတွက် တစ်ရက်ကို (၅၀၀) နှင့် (၇၀၀) ကျပ်တို့ဖြင့် ပေးဆောင်ရပါသည်။ အိမ်ခြေ (၁၆၆) အိမ်ရှိသည့်အနက် ဆိုလာအသုံးပြုသည့် အိမ်ခြေ (၇၉) အိမ်နှင့် ဒီဇယ်အင်ဂျင်ဖြင့် အသုံးပြုသည့် အိမ်ခြေ (၂၅) အိမ်ရှိပါသည်။ လျှပ်စစ်မီး အသုံးမပြုနိုင်သည့် အိမ်ထောင်စုအများစုမှာ ရေနံဆီမီးခွက်၊ ဖယောင်းတိုင်မီးတို့ကို အသုံးပြု

ကြပါသည်။ ယခုလက်ရှိတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီး မရရှိသေးသော်လည်း ကျေးရွာတွင် လျှပ်စစ်မီးတိုင်နှင့် Transformer များ ရောက်ရှိနေပြီ ဖြစ်သည့်အတွက် မကြာမီအချိန်တွင် လျှပ်စစ်မီးရရှိနိုင်မည် ဖြစ်ပါသည်။ လျှပ်စစ်မီး ရရှိလာပါက ကျောင်းသား များ၏ ပညာရေးတိုးတက်လာစေမှုနှင့် ကျေးရွာအတွင်း အသေးစားစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေမှုကို အထောက်အပံ့ဖြစ်စေပါမည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

စလွန်းကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၂၉၃) လုံး၊ ရေဒီယို (၁၂) လုံး၊ တီဗွီ (၇၅) လုံး၊ ဂြိုလ်တုစလောင်း (၄၇) လုံး စသည်တို့မှ ရရှိသော်လည်း ဖုန်းလိုင်းကောင်းမွန်စွာ မမိသောကြောင့် ဆက်သွယ်ရေးတာဝါတိုင်များ စိုက် ထူပေးရန် လိုအပ်နေပါသည်။ တစ်ချို့တစ်ဝက်သော နေရာတွင်သာ ဖုန်းလိုင်း အဆက် အသွယ် ရပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရ နှေးပါသည်။ လျှပ်စစ်မီးမရရှိသေးသည့် အတွက် ဖုန်းများကိုအားသွင်းရန် အခက်အခဲရှိနေပြီး သတင်းများကို အချိန်မီ မသိရှိနိုင် သည့် အခက်အခဲများလည်း ရှိနေပါသည်။

**၆။ ပညာရေး**

စလွန်းကျေးရွာတွင် ရွာလုံးကျွတ်နီးပါး စာတတ်မြောက်ပါသည်။ ဘွဲ့ရသူဦးရေ (၃၀) ဦးအထိ ရှိနေပြီဖြစ်သည်။ မူလတန်းပညာပြီးမြောက်မှုမှာ (၄၇၁) ဦး၊ အလယ် တန်းပညာ ပြီးမြောက်မှုမှာ (၂၁၄) ဦးရှိပြီး အထက်တန်းပညာ ပြီးမြောက်မှုတွင် သိသာစွာ လျော့နည်း လာပါသည်။ သို့သော် အထက်တန်းပညာရေးပြီးဆုံးနှုန်းနှင့် တက္ကသိုလ်ပညာပြီးဆုံးသူနှုန်း တို့မှာ (၂) ပုံ (၁) ပုံခန့်ကွာသည့်အတွက် အထက်တန်းပညာပြီးဆုံးရေးသည် ပညာရေး တိုး တက်မှုအတွက် အဓိကဖြစ်ပြီး မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့်သာ အတန်းပညာ ပြီးမြောက်မှု များပြားနေပါသည်။

စလွန်းကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်းကျောင်းတွင် စာသင်ကြားနေသော ကျောင်းသား ဦးရေသည် (၄၀) နှင့် ကျောင်းသူဦးရေသည် (၅၇) ရှိပါသည်။ ကျောင်းတွင် စာသင်ဆောင် တစ်ဆောင်သာ ရှိပြီး ကျောင်းအဆောက်အဦမှာ ဟောင်းနွမ်းနေပါသည်။ စာသင်ခန်း (၁) ခန်းနှင့် (၁) ခန်းကြားတွင် ထရံဖြင့် ကာရံထားသည့်အတွက် စာသင်ကြား ရာတွင် အသံများ ဆူညံကာ အဆင်မပြေမှုများ ဖြစ်နေပါသည်။ ကျောင်းသား/ကျောင်းသူဦး ရေ များသည့်အတွက် ကျောင်းသုံးပရိဘောဂများ မလုံလောက်သည့်အပြင် စာသင်ကျောင်း ဆောင်သစ်တစ်ဆောင် ထပ်မံတိုးချဲ့ရန် လိုအပ်လျက် ရှိပါသည်။

မူလတန်းအဆင့် အခမဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့်အတွက် ဆင်းရဲသော မိသားစုများအတွက်လည်း အခက်အခဲမရှိ ကျောင်းတက်ခွင့် ရနေပါ သည်။ ကုန်ကျစရိတ် သက်သာသော ကလေးအားကစားကွင်း တစ်ခုလည်း လိုအပ်နေပါသည်။ ကျောင်းသား၊ ကျောင်းသူများအား စာကျက်ဖြစ်စေရန် တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

စလွန်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ မရှိပါ။ မင်းသန်း ကျေးရွာတွင် ရှိသည့် ကျေးလက်ကျန်းမာရေးဌာနတွင်သာ သွားရောက်၍ ပြသကြပါသည်။ ကျေးရွာတွင် ဆေးဆိုင်များလည်းမရှိပါ။ ကျေးရွာအတွင်း ရိုးရိုးဖျားနာသူများအတွက် အဆင်ပြေမှုများ ရရှိပြီး ရောဂါပြင်းထန်လာသည့်အခါ မြို့နယ်ဆေးရုံသို့ သွားရောက်၍ ကုသကြရပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးနှင့်ပတ်သက်၍ အသိပညာပေးခြင်း ဟောပြောပွဲများလည်း ပြုလုပ်ပေးလျှက် ရှိပါသည်။ သို့ရာတွင် ကျေးရွာ၌ အာဟာရမှတ်တမ်းယူမှုနှင့် အာဟာရပညာပေး သင်တန်းနှင့် ပတ်သက်၍ ပြုလုပ်ခြင်း မရှိသေးပါ။ ကျေးရွာတွင် ကျန်းမာရေးအထောက်အကူပြုယာဉ် မရှိသည့်အတွက် လိုအပ်နေပါသည်။

ကျေးရွာတွင် အိမ်ထောင်စုအများစုသည် unicef မှ ပြုလုပ်ပေးထားသည့် အဝီတွင်း (တွင်းတိမ်) ကိုသာ အဓိကထား အသုံးပြုကြပါသည်။ နွေရာသီတွင် သောက်သုံးရေ မလုံလောက်သည့်အတွက် အဝီတွင်း (တွင်းတိမ်) တစ်တွင်း ထပ်မံတူးဖော်နိုင်လျှင် ကျေးရွာ၏ သောက်သုံးရေ အခက်အခဲ ပြေလည်လာနိုင်ပါသည်။ သန့်ရှင်းသော သောက်သုံးရေကို အသုံးပြုနိုင်ရန်အတွက် ရေအရည်အသွေးကို စမ်းသပ်စစ်ဆေးရန်နှင့် ရေဂါလံ (၅၀၀၀) ဆံ့ ရေကန်တည် ဆောက်၍ အိမ်တိုင်းစေ့ ရေပိုက်သွယ်တန်းခြင်း ပြုလုပ်လိုကြပါသည်။

ကျေးရွာတွင် သန့်ရှင်းသော ယင်လုံအိမ်သာသုံးစွဲမှုမှာ (၈၈) အိမ်ရှိပါသည်။ မသန့်ရှင်းသော အိမ်သာသုံးစွဲမှုများမှာ (၇၈) အိမ်ရှိပါသည်။ တွင်း/ ဇလားအိမ်သာ၊ သုံးစွဲသည့်သူများ ရှိသည့်အတွက် ကျေးရွာတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် ပြဿနာများ ဖြစ် ပေါ်နိုင်ပါသည်။ ထို့ကြောင့် စာပေဟောပြောပွဲနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်လျက် ရှိပါသည်။

**၈။ ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**

စလွန်းကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ သို့ရာတွင် မိုးရွာသွန်းမှုများသည့်အချိန်တွင် ရေကြီးမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ဆောင်ရွက်ထားမှု မရှိပါ။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့် အုပ်စုမှာ (၃၀%) ခန့် ရှိနိုင်ပါသည်။ အမှိုက်စွန့်ပစ်ရာတွင် စနစ်တကျ စွန့်ပစ်မှု အားနည်းလျက် ရှိပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်သည့် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။ ထိုမှသာလျှင် ကျေးရွာသူ ကျေးရွာသားများသည် ကောင်းကျိုး၊ ဆိုးကျိုးကို ခွဲခြားတတ်လာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို တက်ကြွစွာ ပါဝင်လုပ်ဆောင်လာမည် ဖြစ်ပါသည်။

**၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ**

စလွန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် များပြားပါသည်။ ကျေးရွာရှိ အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုနှုန်းမှာ အလွန်ပင် နည်းပါးပါသည်။ ကျေးရွာရှိ အုပ်ချုပ်ရေးနှင့် လူမှုရေးအသင်းအဖွဲ့များတွင် အမျိုးသမီးများသည် အမျိုးသားများနှင့် တန်းတူပါဝင်လုပ်ဆောင်လာမည်ဆိုလျှင် ကျေးရွာသည် မုချဧကန် တိုးတက်ပြောင်းလဲလာပါမည်။ အမျိုးသမီးများ၏ စိတ်ဓာတ်အရည်အသွေးကို မြင့်တင်ပေးပြီး ကျေးရွာရှိ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး အသင်းအဖွဲ့များတွင် အမျိုးသမီးများ ပိုမိုပါဝင်လာစေရန် ဖိတ်ခေါ်ရမည် ဖြစ်ပါသည်။ အမျိုးသမီးရေးရာ အကြမ်းဖက်မှုများ၊ ဥပဒေနှင့်တရားမျှတမှုဆိုင်ရာများအတွက် အသိအမြင်မရှိသဖြင့် ပညာပေးသင်တန်းများ၊ ဟောပြောပွဲများ ပြုလုပ်ရန် လိုအပ်နေပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - စလွန်း | | | ကျေးရွာအမည် - စလွန်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | အဖွဲ့ငယ်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေး နှင့် စီမံခန့်ခွဲရေး | ရွာလုံးကျွတ်အစည်းအဝေးကို လစဉ်ပုံမှန်ပြုလုပ်၍ လိုအပ်ချက်များကို အစည်း အဝေးတွင် ဖော်ထုတ်ခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ် လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်း သိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ် နှင်းရေး နည်းပညာ သင်တန်း / ဟောပြောပွဲများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့် သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၈ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၀ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်) | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး စား_အလတ်စားစီးပွားရေး | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |

| ကျေးရွာအုပ်စုအမည် - စလွန်း | | | ကျေးရွာအမည် - စလွန်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | လုပ်ငန်းများဆိုင်ရာ | | | |
| ၁၃ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၄ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများနှင့် ချိတ်ဆက်ခြင်း။ | |
| ၁၅ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းဆောင် (၆၀' × ၃၀' × ၁၂') အား ပြုပြင်ခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | စာသင်ကျောင်းတွင် လိုအပ်သော ပရိဘောဂပစ္စည်း ပြည့်ဝစွာရရှိအောင် ဆောင်ရွက်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကလေးကစားကွင်း တည်ဆောက်ခြင်းနှင့် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းဆောင်အသစ် (၆၀' × ၃၀' × ၁၂') တစ်ဆောင်တည်ဆောက်ခြင်း။ | |
| ၁၉ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | အာဟာရပညာပေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၀ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ယင်လုံအိမ်သာသုံးစွဲမှု အိမ်တိုင်းစေ့ သုံးစွဲလာစေရန် ပညာပေး လုပ်ဆောင်ခြင်း။ | |
| ၂၁ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စလွန်းရွာတွင်းလမ်း (၁) မိုင်အား ကျောက်ချောလမ်းအဆင့်မြှင့်ခြင်း။ | ဒုတိယ |
| ၂၂ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရေကန်သွားလမ်း (၁၅၀၀) ပေအား ကျောက်ချောလမ်းအဆင့်မြှင့်ခြင်း။ | |
| ၂၃ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စလွန်းပြင်လမ်း (၁၈၀၀) ပေအား  ကျောက်ချောလမ်းအဆင့်မြှင့်ခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | စလွန်း-အနောက်မင်းသန်း ကျေးရွာချင်းဆက်လမ်း (၁၆၀၀) ပေအား မြေသားထပ်တင်ခြင်း။ | တတိယ |
| | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | Box culvert (၂) စီးပြုလုပ်ခြင်း | |
| | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ၁၆' × ၁၀' ကွန်ကရစ်တံတားတစ်စင်း ပြုလုပ်ခြင်း | |
| ၂၅ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ဂါလံ (၅၀၀၀) ဆံ့ ရေကန်တည်ဆောက်၍ အိမ်တိုင်းစေ့ ရေပိုက်လိုင်း (၂) မိုင်သွယ်တန်းခြင်း။ | ပထမ |

| ကျေးရွာအုပ်စုအမည် - စလွန်း | | | ကျေးရွာအမည် - စလွန်း | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၂၆ | အခြေခံအဆောက်အဦ | သောက်သုံးရေ | တွင်းတိမ်တစ်တွင်း ထပ်မံတူးဖော်ခြင်း။ | |
| | အခြေခံအဆောက်အဦ | သောက်သုံးရေ | မြေသားရေကန်ပြုလုပ်ခြင်းနှင့် ရေတံခါးပြုလုပ်ခြင်း | |
| ၂၇ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာ ဦးစီးဌာန/ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။ | |
| ၂၈ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ရပ်ရွာဖွံ့ဖြိုးရေးများတွင် အသိပညာ၊ အတတ်ပညာများ ရရှိနိုင်ရေး ဖွံ့ဖြိုးရေးလူငယ်အဖွဲ့များ စုပေါင်းလုပ်ဆောင်ခြင်း။ | |
| ၂၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | စာကြည့်တိုက် ပြန်လည်လည်ပတ်နိုင်စေရန် ဆွေးနွေးလုပ်ဆောင်ခြင်း။ | |
| ၃၀ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်း တစ်ကွင်း ပြုလုပ်နိုင်ရန် အကောင်အထည်ဖော်ခြင်း။ | |
| ၃၁ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဟောပြောပွဲများ ပြုလုပ်ခြင်း။ | |
| ၃၂ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာပေး ဟောပြောပွဲများ စီစဉ်ခြင်း။ | |
| ၃၃ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေး၊ သဘာဝရင်းမြစ် စီမံခန့်ခွဲရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၃၄ | အခြေခံ အဆောက်အဦ | အညစ်အကြေး | စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် စုပေါင်းလုပ်ဆောင်ခြင်း။ | |
| ၃၅ | | | | |

နောက်ဆက်တွဲ (၁)

## စလွန်းကျေးရွာ၊ စလွန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးစိုးသန်း | ဦးဘသိန်း | ၆/မအရ(နိုင်)၀၇၃၇၇၉ | ၆၀ | ဥက္ကဋ္ဌ | ၀၉၂၅၆၉၃၇၃၁၆ |
| ၂ | ဦးဇော်မင်းဦး | ဦးသောင်းကြည် | ၆/မအရ(နိုင်)၁၀၅၀၄၃ | ၄၀ | အတွင်းရေးမှူး | ၀၉၄၅၃၃၅၇၅၉၃ |
| ၃ | ဦးတင်လှ | ဦးထွန်းရှိန် | ၆/မအရ(နိုင်)၁၁၀၁၃၀ | ၄၁ | ဘဏ္ဍာရေးမှူး | ၀၉၂၅၁၁၄၅၃၃၆ |
| ၄ | ဦးရဲကိုကို | ဦးကြီးတင် | ၆/မမန(နိုင်)၁၈၈၁၄၂ | ၂၆ | စာရင်းကိုင် | ၀၉၂၅၈၁၃၀၆၅၈ |
| ၅ | ဒေါ်ငွေယူ | ဦးသက်မောင် | ၆/မအရ(နိုင်)၀၇၃၆၆၇ | ၅၀ | စာရင်းစစ် | - |
| ၆ | ဦးမြင့်စိုး | ဦးစံတင် | ၆/မမန(နိုင်)၁၂၈၂၃၇ | ၄၉ | အဖွဲ့ဝင် | ၀၉၂၆၄၉၅၈၅၇၃ |
| ၇ | ဒေါ်နုအေး | ဦးချစ်ရီ | ၆/မအရ(နိုင်)၀၇၃၆၀၃ | ၅၃ | အဖွဲ့ဝင် | - |
| ၈ | ဒေါ်မိယု | ဦးဖေမြိုင် | ၆/မအရ(နိုင်)၀၇၃၈၃၉ | ၅၁ | အဖွဲ့ဝင် | ၀၉၄၅၁၆၄၂၄၄၀ |
| ၉ | ဒေါ်ခင်မာရီ | ဦးဘစော | ၆/မအရ(နိုင်)၀၇၃၉၄၆ | ၄၇ | အဖွဲ့ဝင် | ၀၉၄၀၃၆၈၅၈၄၆ |
| ၁၀ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၁၂ | ၄ | ၁၆ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၂၈ | ၂၅ | ၅၃ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၃၈ | ၄၉ | ၈၇ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၃၅ | ၄၃ | ၇၈ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၉၂ | ၃၀၂ | ၅၉၄ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၃၀ | ၂၄ | ၅၄ |
| စုစုပေါင်း | | ၄၃၅ | ၄၄၇ | ၈၈၂ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၆၆ | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။စလွန်းကျေးရွာတွင် အိမ်ထောင်စု (၁၆၆) စု ရှိပြီး၊ လူဦးရေစုစုပေါင်း (၈၈၂) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၁.၈၁%)၊ ငါးနှစ်အောက်ကလေးအရွယ် (၆.၀၀%)၊ မူလတန်းကျောင်းသားအရွယ် (၉.၈၆%)၊ အလယ်တန်းကျောင်းသားအရွယ် (၈.၈၄%)၊ သက်ကြီးရွယ်ကြီးအရွယ် (၆.၁၂%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၂.၆၆%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၂၉၂) ဦး၊ မ (၃၀၂) ဦး စုစုပေါင်း (၅၉၄) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၇.၃၄%) ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၃၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုမိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှု ပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇၅ | ၁၃၅ | ၁၁ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၉ | ၃၁ | | မြင့်☐လတ်☐နိမ့်☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁၁ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၂၃ | ၁ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃ | ၃ | | မြင့်☐လတ်☐နိမ့်☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၅ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၄ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၁ | မြင့်☐လတ်☐နိမ့်☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | ၁၆ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | ၆ | မြင့်☐လတ်☐နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၉ | ၈၀ | ၅၁ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | **စုစုပေါင်း** | ၁၆၆ | ၂၇၂ | ၁၀၆ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံ ထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ

လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ - **"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။စလွန်းကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် အဓိက ဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ အိမ်ထောင်စု များပြားပါသည်။ ရေလုပ်ငန်းနှင့်ပတ်သက်၍ လုပ်ကိုင်သော အိမ်ထောင်စု (၅) အိမ်ရှိပြီး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ (၁၆) အိမ်ရှိပါသည်။ အခြား အိမ်ထောင်စုများမှာ အမျိုးအမည်မဖော်ပြနိုင်သော လုပ်ငန်းများ၊ ပန်းရံလုပ်သားများ၊ ပညာရေး ဝန်ထမ်းများအဖြစ် လုပ်ကိုင်နေကြပြီး အလုပ်အကိုင် အခွင့်အလမ်းများ နည်းပါးလျက် ရှိပါသည်။

## (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | ၁၅၀၀၀ | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ စလွန်းကျေးရွာ၏ လယ်ယာစိုက်ပျိုးရေး (လယ်) လုပ်ငန်းခွင်တွင် နေ့စားပုတ်ပြတ် အလုပ်လုပ်သူများပြားပါသည်။ တစ်နေ့တွင် အမျိုးသား (၆၀၀၀မှ ၅၀၀၀)၊ အမျိုးသမီး (၄၀၀၀) ကျပ် ရရှိပါသည်။ ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား (၁၀၀၀၀)၊ အမျိုးသမီး

(၅၀၀၀) ကျပ်ခန့် ရရှိပါသည်။ ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေးတွင် တစ်နေ့လျှင် အမျိုးသားတစ်ဦးဝင်ငွေ (၁၅၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာတွင် နေ့စားအလုပ်လုပ်သူနှင့် ကျပန်းလုပ်ငန်းလုပ်ကိုင်သူများ ရှိသည့်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရန် လိုအပ်လျက်ရှိပြီး အမျိုးသားများနှင့် အမျိုးသမီးများ၏ လုပ်အားခသည် တန်းတူမရသည့်အတွက် အမျိုးသမီးဦးစီးသည့် မိသားစုများသည် စားဝတ်နေရေး ဖူလုံမှုအားနည်းပါသည်။

## (ဂ) သဘာဝရင်းမြစ်များ

## (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၅၀.၃၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၄.၂၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၄၂.၈၄ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဓနိတောမြေ | ၄၀.၆၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၇၃၈.၀၈** | ☒ |

ရင်းမြစ် ...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုး မျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။စလွန်းကျေးရွာတွင်ရှိသော စိုက်ပျိုးမြေများ၏ မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်မှု ရှိပါသည်။ ကျေးရွာတွင် မြေလွတ်မြေလပ်နှင့် စားကျက်မြေများမရှိသည့်အတွက် စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်းမရှိပါ။ ပိုးမွှားရောဂါကျရောက်မှုများလည်း ရှိသည့်အတွက် ကျေးရွာတွင် စိုက်ပျိုးရေးနှင့်ပတ်သက်သည့် နည်းပညာပေးသင်တန်းနှင့် မျိုးကောင်းမျိုးသန့်များ ရရှိနိုင်သည့်နေရာနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်နေပါသည်။

## ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ကျောက်မျက် စသည်။) | | |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☑ နည်း☐ မရှိ☐ | လွယ်☐ ခက်☑အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☑ မရှိ☐ | ☒ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ စလွန်းကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ ထွက်ရှိမှုမရှိ ပါ ။ ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ၊ သဘာဝအပင်မျိုးစိတ်များနှင့် သဘာဝတိရိစ္ဆာန်မျိုးစိတ်များ ထွက်ရှိမှု အနည်းအကျဉ်း ရှိပါသည်။ ထိုကြောင့်လိုအပ်သည်များကို အခြားကျေးရွာများမှ ဝယ်ယူအသုံးပြု ကြပါသည်။

## (ဃ) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည် သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှု နှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၅** | **၇၀** | **၄၆** | **၄၅** |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ စလွန်းကျေးရွာတွင် စုစုပေါင်း အိမ်ထောင်စု၏ (၃.၀၁%) သည် အဆင်ပြေသော အိမ်ထောင်စုများဖြစ်ပြီး၊ တောင်သူကြီးအဆင့်၊ ကိုယ်ပိုင်စိုက်ပျိုးရေးနှင့် ဈေးဆိုင်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသောအိမ်ထောင်စုမှာ (၄၂.၁၇%) ရှိပြီး စိုက်ပျိုးရေးနှင့် တစ်ပိုင်တစ်နိုင်ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသည်။ ထိုအိမ်ထောင်စုများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်း စသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု နိုင်ပါလိမ့်မည်။ မပြေလည်သောအိမ်ထောင်စုများနှင့်

အလွန်မပြေလည်သောအိမ်ထောင်စု (၅၄.၈၂%) မှာ မိသားစုစားဝတ်နေရေးအတွက် အခက်အခဲများ ရှိနေပါသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ____________<br>အစာလျှော့စား = ____________<br>အထောက်အပံ့ယူ = ____________<br>ချေးယူ = ____________<br>လုပ်အားခကြိုယူ = ____________ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.......................................................................................

..............................................................................................................

..............................................................................................................

..............................................................................................................

..............................................................................................................

..............................................................................................................

### (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄နှစ်နှင့်အထက် | ၁ | ၁ | ၂ |
| မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စု အရေအတွက်** | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | - | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စလွန်းကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော သက်ကြီးရွယ်အို (၂) ယောက်ရှိပါသည်။ ထိုသူများကိုလည်း ကျေးရွာမှ စောင့်ရှောက်မှုများ အပြည့်အဝ ပေးထားပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စလွန်းကျေးရွာတွင် သဘာဝအရင်းအမြစ်ရှားပါးမှု(မြေ၊ စိုက်ပျိုးရေ)၊ ဆားငန်ရေဝင်မှုနှင့် တိရိစ္ဆာန်ကူးစက်ရောဂါကျရောက်မှုများ အလယ်အလတ်အနေအထားတွင်ရှိ၍ စားနပ်ရိက္ခာ မဖူလုံမှု၊ ရေ ကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ သစ်တောပြုန်းတီးခြင်း၊ ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှင့်ပတ်သက်၍ အနည်းအကျဉ်းဖြစ်ပွားလေ့ရှိပါသည်။ မုန်တိုင်း၊ ငလျင်၊ မီးဘေး၊ ကိုယ်ခံအားကျဆင်းခြင်းရောဂါ၊ ပြည်တွင်းပဋိပက္ခ၊ လူကုန်ကူးခြင်း၊ ဝေးလံခေါင်သီ လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှု စသည်တို့နှင့်ပတ်သက်၍ ဖြစ်ပွားခြင်းမရှိပါ။

## (၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | |
|---|---|---|---|---|---|
| ၁ | လူငယ် | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐ | လတ် ☑ | နိမ့်☐ | မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၄ | ရွှေတွင်းလုပ်သားများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၅ | ဆေးစွဲသူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၆ | ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၇ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၁၈ | နေရပ်ပြန် အခြေချသူများ | မြင့် ☐ | လတ် ☐ | နိမ့်☐ | မရှိ ☑ |
| ၁၉ | ရွှေ့ပြောင်းလုပ်သားများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |
| ၂၀ | ကားမောင်းပြီး အသက်မွေးသူများ | မြင့် ☐ | လတ် ☐ | နိမ့်☑ | မရှိ ☐ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။စလွန်းကျေးရွာတွင် လူငယ်များ၊ မြေယာမဲ့ဆင်းရဲသားတောင်သူများ၊ အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စုများ၊ လက်လုပ်လက်စားများ၊ ကျပန်းလုပ်သားများ၊ ကားမောင်းပြီး အသက်မွေးသူများနှင့် ရွှေ့ပြောင်းလုပ်သားများရှိသည့်အတွက် ထိုအုပ်စုများမှာ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများဖြစ်ကြပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

## (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေး အဖွဲ့ | ၁☐ ၂☑ ၃☐ | ၇ | | ၇ | ပညာရေး ☐ ငွေကြေး ☑<br>ကျန်းမာရေး☑ ဘာသာရေး ☑<br>စိုက်ပျိုးမွေးမြူရေး ☑<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☑ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၂ | ဂေါပက အဖွဲ့ | ၁☐ ၂☐ ၃☑ | ၁၀ | | ၁၀ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
| ၃ | မေတ္တာမျိုးဆက် ပရဟိတအဖွဲ့ | ၁☐ ၂☑၃☐ | ၃၀ | ၃၀ | ၆၀ | ပညာရေး ☐ ငွေကြေး☑<br>ကျန်းမာရေး☑ ဘာသာရေး☑<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☑<br>သင့် ☐<br>ညံ့ ☐ |
| ၄ | ကျောင်းအကျိုးတော်ဆောင်အဖွဲ့ | ၁☐ ၂☑ ၃☐ | ၇ | | ၇ | ပညာရေး ☑ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း ☐<br>သင့် ☑<br>ညံ့ ☐ |
